## ခေါင်းစဉ်မရှိတဲ့ ကဗျာ

ငါ့ .. ပြည်သူတွေလည်းဒုက္ခပါပဲ
စစ်အာဏာရှင်တွေကသတ်
မုန်တိုင်းကသတ်နဲ့
 “ကပ်ဆိုး”တွေမွှေလိုက်တာ
ငတ်နေတဲ့ကြားထဲ ငရဲအလား
ဆိုးဝါးရက်စက် ဘဝတွေပျက်ခဲ့ရပုံများ....။



ကုန်းကောက်စရာမရှိအောင်မွဲ
စားစရာလည်းမရှိ နေစရာဖရိုဖရဲနဲ့
ဘဝတွေပျက်နေရတဲ့ကြားထဲ
ဘဝတွေ....ထပ်ခြားရပြန်ပြီကော.......
(နောင်ဘဝဆိုတာရှိခဲ့ရင်).....
ပြန်ဆုံပါရစေ
မိတ်ဆွေတို့ရေ..
အဖိုး အဖွားတို့ရေ...
ဦးလေး ဒေါ်လေးတို့ရေ...
ညီမလေး နဲ့ ညီလေး တို့ရေ
သမီးလေး သားလေး  တို့ရေ.........။

ကယ်တင်တော်မူကြပါ
ဗုဒ္ဓ၊သခင်ယေရှု၊ အလ္လာအရှင်မြတ်
သူတော်စင် သံဃာတော်မြတ်
ရှိကျိုးဆက်ကပ်ပူဇော်ပါ၏.........။

ဘယ်သူ့ကို အဖေခေါ်ရမှန်း မသိတဲ့ခေတ်မှာ
စနစ်ဆိုး မင်းဆိုး စိုးရတဲ့ကာလမှာ
ငါ့ ပြည်သူတွေလည်း ဒုက္ခကြီးလှတကား
မီးလောင်ရေကြီး
မုန်တိုင်းငြိုးထ သေရပြန်ပြီ
ပျက်ရပြန်ပြီ  မျက်ရည်တွေကျ
ပူဆွေးရပြန်ပြီကော
နိဗ္ဗာန်ကိုမျှော်ကိုးသော်လည်းလေ
 ထေရဝါဒသာသနာ ထွန်းကားတဲ့နိုင်ငံမှာ
ဖြစ်ပျက်နေတဲ့ ဘဝတွေများ
ကြုံရ ကြားရ မသက်သာလှ
တရားနဲ့ဖြေ
မပြေနိုင်ပါဘူးကွယ်....။

ဘယ်သူကများ ဖေးကူမ မလဲ
တို့ဖခင်ကြီးပြောခဲ့သလို
ဟို ကိုမျှော် သည်ကိုမျှော်နဲ့
မပျော်ပိုက်နိုင်တဲ့

ဘဝတွေနဲ့ကြီးပြင်းခဲ့ရ
ဒုက္ခတွေနဲ့ပဲ ရင်းနှီးခဲ့ကြတာ....။



ငတ်နေလို့ ပြတ်နေလို့
ငွေလေးများ ရမလားလို့
အရဲစွန့်သွားရတယ်
လေလုံကားကြီးနဲ့ခိုးစီးကြ
အသက်ရှုကြပ်ပြီး သေရပြန်သတဲ့
..အရပ်ကတို့ရေ......။

သူတို့ကပြောသေးရဲ့
ငွေရှာရင် ဟိုနိုင်ငံသွားစရာမလို
သည်မှာပဲ အလုပ် လုပ်
ငွေထုပ်ပိုက်နေနိုင်သတဲ့ကွယ်ရို့....။

နိုင်ငံရပ်ခြားမှာ
ငွေရှာ မသက်သာလှကြောင်း
တို့ပြည်သူတွေ ကောင်းကောင်းသိပါတယ်
(ဒါပေမယ့်)
သူတောင်းစား မဖြစ်ဖို့အရေး
ဟိုမှာ ကျွန်လုပ်ပြီး
ကောင်းစားရင်ကျေနပ်ပြီတဲ့....။

ကယ်ကြပါ ကူညီကြပါ
ဘေးဘရာဝေးကွာစေကြောင်း
ဆုတောင်းကြပါ   မေတ္တာပို့ကြပါ
အမျှပေးဝေကြပါ  သာဓုခေါ်ကြပါ
"စေတနာ"ရှိကြပါ   လှူဒါန်းကြပါ
ကမ္ဘာမှာ
ငါတို့ ဗမာပြည် ဟာ...
(အခုတော့)...ဖာသယ်လိုနိုင်ငံမျိုးဖြစ်နေပါရဲ့......။

စစ်အုပ်စု ကျဆုံးပါစေ
မြန်မာပြည်သူလူထု ကျမ္မာ ချမ်းသာပါစေ......။

ဗဆန်းဇော်